# Solemnity of All Saints

## 1st READING: Rv 7:2-4, 9-14

**ဗျာဒိတ်တော်ကျမ်း ၇း၂–၄၊ ၉–၁၄**

ထို့နောက်အသက်ရှင်တော်မူသောဘုရားသခင်၏ တံဆိပ်တော်ကိုကိုင်ဆောင်လာသောကောင်းကင်တမန်တစ်ပါးသည်နေထွက်ရာအရပ်မှတက်လာသည်ကိုငါမြင်ပြန်၏ ။သူသည်ကုန်းမြေနှင့်ပင်လယ်ကိုဖျက်ဆီးနိုင်ခွင့်ရရှိထားသောတမန်တော်လေးပါးအား ကျယ်သောအသံနှင့်ဆိုသည်မှာငါတို့ဘုရားသခင်၏ အစေခံတို့၊နဖူးပေါ်မှဘုရား၏ တံဆိပ်မခတ်မီမြေကြီး၊ ပင်လယ်နှင့်သစ်ပင်တို့ကု မဖျက်ဆီးပါနှင့်ဟူ၍တည်း၊ ထို့နောက်တံဆပ်ခတ်ပြီးသောသူတို့၏ အရေအတွက်ကိုငါကြားရသည်အစရေးလ်အမျိုးနွယ်အသီးသီးမှတစ်သိန်းလေးသောင်းလေးထောင်ကိုတံဆိပ်ခတ်ပြီးဖြစ်၏ ။ထို့နောက်ငါကြည့်လိုက်သောအခါ မည်သူမှ မရေမတွက်နိုင်အောင်များပြားသောလူအစုအဝေးကြီးကိုတွေ့လိုက်ရ၏ ။ထိုသူတို့သည်ဘာသာစကားပေါင်းစုံ၊လူမျိုးပေါင်းစုံ၊တိုင်းနိုင်ငံပေါင်းစုံတို့မှဖြစ်ကြ၏ ။ သူတို့သည ဝတ်ရုံဖြူများကိုဝတ်ဆင်ထားပြီးစွန်ပလွန်ခက်များကိုင်ဆောင်ထားကြလျက်ပလ္လင်တော်နှင့်သိုးငယ်တော်ရှေ့တင်ရပ်လျှက်နေကြ၏ ။သူတို့သည်ကျယ်သောအသံဖြင့်ကြွေးကြော်ကြသည် မှာကယ်တင်ခြင်းကိုပလ္လင်ပေါ်မှာစံပယ်တော်မူသောဘုရားသခင်နှင့် သုးငယ်တော်တို့သာလျှင် ပိုင်ဆိုင်တော်မ၏ ဟူ၍တည်း။ကောင်းကင်တမန်တော်အပေါင်းတို့သည်ပလ္လင်တော်ကိုလည်းကောင်း၊သက်ကြီးဝါကြီးများနှင့်သက်ရှိသတ္တဝါလေးဦးတို့ကိုလည်း ကောင်း ဝိုင်းရံပြီး ရပ်နေကြ၏ ။ ထို့နောက် သူတို့ သည် ပလ္လင်တော်ရှေ့တွင် ပျပ်ဝပ်၍ ကျွန်ုပ်တို့၏ ဘုရားသခင်အားရိခိုးကိုးကွယ်လျက် ကြွေးကြော်ကြ သည်မှာအာမင်။ ကျွန်ုပ်၏ ဘုရားအား ကောင်းချီးမင်္ဂလာ၊ ဘုန်းတော်ဂုဏ်တော်၊ ပညာတော်၊ ကျေးဇူးတင် ဆပ်ခြင်း၊ ချီးမွမ်းသြဘာနှင့် တန်ခိုးအာနုဘော်တော် တုသည် ကာလအဆက်ဆက် ရှိပါစေ အာမင် ဟူ၍တည်း။ ထိုအခါ သက်ကြီးဝါကြီးထဲမှ တစ်ဦး ကဝတ်ရုံဖြူကို ဆင်မြန်းသောသူတို့ကားမည်သူတို့နည်း၊မည်သည့်အရပ်ကလာကြသနည်းဟုငါ့အားမေး၏ ။ငါကလည်းသခင်ကိုယ်တော်သိပါ၏ ဟုပြန်ပြောသော အခါသူက သူတို့သည်ကြီးမားသော ဆင်းရဲဒုက္ခထဲမှ လွတ်မြောက် လာကြသောသူများ ဖြစ်ကြ၏ ။ သူတို့သည်မိမိတို့ဝတ်ရုံများကိုသိုးငယ်တော်၏ သွေး၌ဆေး ၍ဖြူစင်စေခဲ့ကြ၏

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm Ps 24:1-2,3-4,5-6

**ဆာလံ ၂၄**

**သံပြိုင်။ ။** ယာကုပ်၏ဘုရား မျက်နှာ တော်ကို ရှာသောသူပင်ဖြစ်၏။

**၁။** ထာဝရဘုရားသည် မြေကြီး နှင့် မြေကြီးပေါ်ရှိ လူသတ္တဝါတို့ကိုလည်းကောင်း၊လောကနှင့်လောကတွင် ရှိသော အရာတို့ကိုလည်းကောင်း ပိုင်တော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်သည် ကမ္ဘာမြေကြီးကို ပင်လယ်များပေါ်တွင် အုတ်မြစ်ချတော်မူ၍၊ မြစ်များ ပေါ်တွင် တည်ဆောက်တော်မူ၏။ **(သံပြိုင်)**

၂။ ထာဝရဘုရား၏တောင်တော်ပေါ်သို့မည်သူတက်ရလိမ့်မည်နည်း။ ကိုယ်တော်၏ သန့်ရှင်းရာဌါနတွင် မည်သူနေရလိမ့်မည်နည်း။အပြစ်ကင်းစင်သောလက်များနှင့်စင်ကြယ် သောနှလုံးသားရှိသူမိမိ၏ဝိညာဉ်ဖြင့် မှားယွင်းသည် အရာများကို မဆည်းကပ်သူ ကောက်ကျစ်စဉ်းလဲစွာ ကျိန်ဆိုခြင်း မပြုသူပင်ဖြစ်၏။ **(သံပြိုင်)**

၃။ ထိုသူသည်ထာဝရဘုရားထံတော်မှကောင်းချီးမင်္ဂလာနှင့်ကယ်တင်တော်မူသော ဘုရားထံတော်မှအပြစ်ကင်းစင်ကြောင်း အာမခံချက်ကိုလည်းကောင်း ရရှိလိမ့်မည်။ ထိုသို့ သော လူမျိုးဆက်သည် ယာကုပ်၏ဘုရား မျက်နှာ တော်ကို ရှာသောသူပင်ဖြစ်၏ **(သံပြိုင်)**

## 2nd READING: *1Jn 3:1-3*

ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃း ၁–၃

ငါတို့သည်ဘုရားသခင်၏ သားသမီးများဟုအမည်တပ်ခံရခြင်းအားဖြင့် အဖဘုရားသည်ငါတို့အားမည်မျှ ချစ်တော်မူသည်ကို ထောက်ရှုကြလော့။ငါတို့ သည်လည်းဘုရားသခင်၏ သားသမီးများအမှန်ပင် ဖြစ်၏။ ကမ္ဘာလောကသည်ငါတို့အားမသိခြင်း၏အကြောင်းရင်းမှာယင်းသည် ဘုရားသခင်ကိုမသိခဲ့ ၍ပင်တည်း။ ချစ်မြတ်နိုးရသူတိုင်းယခုအခါငါတို့သညဘုရားသခင်၏သားသမီးများဖြစ်ကြ၏။နောင်ကာလတွင်မည်ကဲ့ သို့သော သူများဖြစ်ကြမည် ကိုမသိရသေးသော်လည်း ခရစ်တော်ကြွလာတော်မူ သောအခါ ငါတို့သည် ကိုယ်တော်ကဲ့သို့ဖြစ်ကြလိမ့် မည်ကို ငါတို့သိကြ၏။ အကြောင်းမူကား ငါတို့ သည်ကိုယ်တော်ကို အဖြစ်တော် ပကတိအတိုင်းဖူး မြင်ကြရလိမ်မည်။ ကိုယ်တော်ကိုမျှော်လင့်အားထား သော သူတိုင်းသည် မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ် စေသည်။အကြောင်းမူကားကိုယ်တော်သည်သန့်ရှင်း စင်ကြယ်တော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: Mt 5:1-12

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၅း ၁–၁၂

ကိုယ်တော်သည်လူအစုအဝေးတို့ကုမြင်တော်မူလျှင်တောင်ပေါ်သို့တက်၍ထိုင်နေတော်မူ၏။တပည့်တော်တို့သည်အထံတော်သို့စုဝေးလာကြသောအခါ၊ ကိုယ်တော်သည်မိမိနှုတ်တော်ကိုဖွင့်၍သူတို့အား ဟောပြောသွန်သင်တော်မူသည်ကား၊ အတွင်းစိတ်ဖြင့် ဆင်းရဲသောသူတို့သည် မင်္ဂလာရှိ ကြ၏။အကြောင်းမူကား ကောင်းကင်နိုင်ငံတော် သည်ထိုသူတို့၏နိုင်ငံဖြစ်၏။ ဝမ်းနည်းပူဆွေးသော သူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကားသူတို့သည်နှစ်သိမ့်ခြင်းခံကြရလိမ့်မည်။စိတ်နှလုံးနူးညံ့သိမ်မွေ့သောသူတို့သည်မင်္ဂလာရကြ၏။အကြောင်းမူကားသူတို့သညမြေကိုပိုင်ဆိုင်ကြရလိမ့်မည်။ဖြောင့်မတ်ခြင်းတရားကိုဆာငတ်သောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားသူတို့သည်လိုအင်ဆန္ဒပြည့်ဝကြလိမ့်မည်။ကြင်နာသနားတတ်သောသူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမကား သူတို့သည် ကြင်နာသနားခြင်း ခံကြရလိမ့်မည်။ စိတ်နှလုံးရိုးသားဖြူစင်သောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားသူတို့သည်ဘုရားသခင်ကိုဖူးမြင်ကြရလိမ့်မည်။ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းဆောင်ရွက်သောသတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားသူတို့သည်ဘုရားသခင်၏သားများဟုအခေါ်ခံကြရလိမ့်မည်။ဖြောင့်မတ်ခြင်းတရားအတက်ညှဉ်းပန်းနှိပ်စက်ခြင်းခံရသောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကားကောင်းကင်နိုင်ငံတော်သည်သူတို့၏နိုင်ငံဖြစ်၏။လူတို့သည်ငါ့အတွကကြောင့်သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲပြီးမဟုတ်မမှန်ဘဲ အမျိုးမျိုးပြစ်တင်ရှုတ်ချကြသောအခါသင်တို့သည်မင်္ဂလာရှိကြ၏။ဝမ်းမြောက်ဂုဏ်ယူကြလော့၊အကြောင်းမူကားကောင်းကင်နိုင်ငံတော်တွင်သင်တို့ ခံစားရမည့် ဆုလာဘ်သည်ကြီးမားလှပေ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**